KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၇ရက် /KHRG မှတ်တမ်းလွှာအမှတ်# 18-18-I3

---

# ဖာပွန်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ- ၂၀၁၇ခုနှစ်၊ အောက်တို ဘာလအတွင်း ဘူးသို နှင့်ဒွယ်လိုးမြို့နယ်ဒေသများတွင် ဖြစ်ပေါ်ခဲ့ သော အတင်းအဓမ္မခိုင်းစေမှုနှင့်ပေါ်တာခိုင်းစေမှု

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် နယ်ခြားစောင့်တပ် (BGF) တပ်ရင်းအမှတ်(၁၀၁၄)သည် ရွာသူရွာသားများအား ရှေ့ တန်းတွင် ပေါ်တာထမ်းရန် အမိန့်ပေးခဲ့သည်။ ရွာသူရွာသားများမှ ပေါ်တာထမ်းရန် ငြင်းဆိုခဲ့လျှင် ရွာတိုင်း (၁၈၀၀၀ ကျပ်) (အမေရိကန်ဒေါ်လာ ၁၁၂ ဒေါ်လာ) ပေးအပ်ရမည်ဖြစ်သည်။ ဤမှုခင်း ဖော်ပြသည့်မှတ်တမ်းလွှာကို ၂၀၁၇ခုနှစ်၊ အောက်တို ဘာလအတွင်းတွင် ပြုစုထားခြင်းဖြစ်ပြီး ဖာပွန်ခရိုင် ဘူးသိုမြို့နယ်နှင့် ဒွယ်လိုးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု များမှ စုဆောင်းထား ခြင်းဖြစ်သည်။*

---

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ၊ **ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင် (အောက်တိုဘာလ ၁၅ရက်၊ ၂၀၁၇ခုနှစ်)**

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှဒေသတွင်း လူ့အခွင့်အရေး အခြေအနေများကို လေ့လာမှတ်သားရန် လေ့ကျင့်သင်ကြားပေးထားသော ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ဖော်ပြခြင်း ဖြစ်သည်။[1] ဤသတင်းလွှာသည် ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖာပွန်ခရိုင်မှ လက်ခံရရှိခဲ့ပြီး အခြားသော*

---

[1] ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးသော မြန်မာပြည်အရှေ့တောင်ပိုင်းရှိဒေသခံ အဖွဲ့များအား လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ပျက်မှုသတင်းအချက်အလက်တစ်ခုချင်းစီအား စံညွှန်းပုံစံအမျိုးအစားများနှင့်အညီ ရွာသား များအား ဖြစ်ရပ်ဆိုင်ရာအင်တာဗျူးခြင်းနှင့် ၎င်းတို့ရင်နှီးသောနေရာဒေသများတွင် အထွေထွေနောက်ဆုံးရအခြေအနေ များအား တင်ပြခြင်းတို့ကို စုဆောင်းရန် လေ့ကျင့်သင်ကြားပေးပါသည်။ ဤမှုခင်းဖော်ပြသည့် မှတ်တမ်းလွှာပြုစုရာတွင် ဒေသခံအဖွဲ့ဝင်များကို ၎င်းတို့အရေးကြီးသည်ဟုယူဆသော လူ့အခွင့်အရေးချိုးဖောက်သော ဖြစ်ပျက်မှုများအား ၎င်းတို့ အားဖြင့် စီစစ်အတည်ပြုထားပြီးသော မူရင်းအထောက်အထားများနှင့်ဒေသအတွင်း ပြောင်းလဲဖြစ်ပေါ်မှုများအားနှိုင်း ယှဉ်ခြင်းတို့ကို လေ့လာမှတ်သား ရန်အားပေးတိုက်တွန်းထားပါသည်။

*မှုခင်းပြသည့် မှတ်တမ်းလွှာသုံးစောင်နှင့်အတူ အခြားသောသတင်းအမျိုးအစားများဖြစ်ကြသော မှုခင်းအင်တာဗျူး ၆ခု၊ ဒေသတွင်း နောက်ဆုံးအခြေအနေသတင်းဖော်ပြချက်မှတ်တမ်း ၁စောင်၊ ဓာတ်ပုံ ပုံ၂၈ နှင့်တကွ လက်ခံရရှိခဲ့သည်။*

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု၊ ပေါ်တာခိုင်းစေမှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ၁၅ရက် |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | လ--- ရွာ၊ ပုဖွန်မြောင်းကျေးရွာအုပ်စု၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင် |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | |
|---|---|
| ***အမည်*** | စော စ--- |
| **အသက်** | --- နှစ် |
| **ကျား/မ** | ကျား |
| **လူမျိုး** | ကရင် |
| **မိသားစုရှိ/မရှိ** | ရှိ |
| **အလုပ်အကိုင်** | လယ်သမား |
| **ကိုးကွယ်သည့် ဘာသာ** | ရိုးမန်းကက်သလစ် |
| **ရာထူးအဆင့်** | ရွာသား |
| **နေရပ် ရွာအမည်** | လ---ရွာ |

| **ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |

| | | | | |
|---|---|---|---|---|
| စောတင်ဝင်း | ရုံးအုပ် | မြန်မာနိုင်ငံနယ်ခြားစောင့်တပ်၊ တပ်ရင်းအမှတ် (၁၀၁၄) | ကျွန်းတောရွာ၊လေးဖိုးထာကျေးရွာအုပ်စု၊ ဒွယ်လိုးမြို့နယ် | ဒုဗိုလ်မှူးကြီးစောမောင်ချစ်နယ်ခြားစောင့်တပ်အမှတ်(၁၀၁၄) တပ်ရင်းမှူး |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကိုရှင်းပြပါ။** |
|---|
| ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ ဤမှုခင်းကို လေးဖိုးထာကျေးရွာအုပ်စု၊ ဒွယ်လိုးမြို့နယ်တွင် သတင်းလိုက်လံစုဆောင်းရင်း ဤမှုခင်းကိုကြားသိခဲ့ရသည်။ လ---ရွာသားများထံတွင် တစ်အိမ်တက်တစ်အိမ်ဆင်း ပိုက်ဆံလိုက်လံကောက်ခံနေသည်ကို တွေ့မြင်ခဲ့သည်။ နယ်ခြားစောင့်တပ်၊ တပ်ရင်း အမှတ် (၁၀၁၄) မှ ရွာသူရွာသားများက ပေါ်တာထမ်းရန် ငြင်းဆိုခဲ့သောကြောင့် ပိုက်ဆံပေးရန်အမိန့်ပေးခဲ့သည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်းမည်သို့ဖော်ပြ လိုပါသနည်း။ ၄င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို)ရေးမှတ်ပေးပါ။** |
|---|
| လ---ရွာသား၊ စောစ---က ဤမှုခင်းအကြောင်းအရာကိုဝေငှတင်ပြခဲ့ပါသည်။ သူသည် ဤမှုခင်းကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူဖြစ်သည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။** |
|---|
| ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက်တွင် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သတင်းမှတ်တမ်းပြုစုသူတစ်ဦးသည် ဖာပွန်ခရိုင်၊ ပုဖွန်မြောင်းကျေးရွာအုပ်စုနှင့် မယ်ပလီးကျေးရွာအုပ်စု၊ ဘူးသိုမြို့နယ်နှင့် လေးဖိုးထာကျေးရွာအုပ်စု၊ ဒွယ်လိုးမြို့နယ်အတွင်းဖြစ်ပေါ်ခဲ့သော အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် ပေါ်တာခိုင်းစေမှုမှုခင်းကို စုဆောင်းပြုစုခဲ့သည်။<br><br>၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ၁၅ရက်နေ့တွင် ကိုလာဝါးလူတောင်၊ မဲသဝေါရွာ၊ လှိုင်းဘွဲ့မြို့နယ်၊ ဖားအံခရိုင် (ဖားအံနှင့်ဖာပွန်ခရိုင်အနီးအနားတစ်ဝိုက်)တွင် နယ်ခြားစောင့်တပ်နှင့် DKBA (ခွဲထွက်) အကြား တင်းမာမှုပဋိပက္ခများဖြစ်ပွားခဲ့သည်။ ထို့ကြောင့် ဖာပွန်ခရိုင်ရှိ နယ်ခြားစောင့်တပ်တပ်ရင်းအမှတ် (၁၀၁၄) မှဒေသခံရွာသူရွာသားများအား ရှေ့တန်းတွင် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခဲ့သည်။ ရွာသူရွာသားများက လေးလံသောအထုပ်အပိုးများ၊ လက်နက်များနှင့် စားနပ်ရိက္ခာများကို သယ်ဆောင်ရသည်။ ဤအမိန့်ကိုဒုဗိုလ်မှူးကြီးစောမောင်ချစ် တပ်ရင်းမှူးနှင့် |

ရုံးအုပ် စောတင်ဂင်းမှချမှတ်ခဲ့သည်။

နယ်ခြားစောင့်တပ် တပ်ရင်းအမှတ်(၁၀၁၄)သည် ဘူးသိုမြို့နယ်နှင့် ဒွယ်လိုးမြို့နယ်များတွင် တစ်ရွာလျှင်လူဆယ်ဦး ကို ပေါ်တာထမ်းရန် အမိန့်ပေးခဲ့သည်။ ရှေ့တန်းတွင် ပေါ်တာထမ်းရန် ငြင်းဆိုခဲ့သောရွာသားများအား (၁၈၀၀၀၀) ကျပ်ပေးရမည်ဟု အမိန့်ပေးခဲ့သည်ကို စောစ---မှပြောကြားခဲ့သည်။ ဒေသခံရွာသူရွာသားများမှာ နယ်ခြားစောင့် တပ်မှ အတင်းအဓမ္မလုပ်အားပေးကိုမသွားလျှင် မိမိတို့၏လုံခြုံရေးနှင့် ငွေရေးကြေးရေးပြဿနာကို စိုးရိမ်နေကြရပါသည်။ သို့ပေမဲ့ နယ်ခြားစောင့်တပ်ဒုဗိုလ်မှူးကြီးမှ ဤနှစ်ခုထဲမှတစ်ခုကို ရွေးချယ်ဆုံးဖြတ်ရမည်ဟု ပြောကြားခဲ့သည်။ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် ပေါ်တာခိုင်းစေမှုများသည် ပြည်သူလူထုများအတွက် စိုးရိမ်ပူပန်မှုများနှင့် မလုံခြုံမှုများသည် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်။

ဤလုပ်မှုအသိုင်းအဝိုင်းအတွက် (၁၈၀၀၀၀) ကျပ်သည် ကြီးမားသောဝန်ထုပ်ဝန်ပိုးများကို ဖြစ်စေသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့အသက်မွေးဝမ်းကျောင်းအတွက် အမှီပြုရသော နှစ်ရှည်လများမွေးမြူခဲ့သော သူတို့၏ အိမ်မွေးတိရစ္ဆာန်များဖြစ်သော ဝက်များနှင့် နွားများကိုရောင်းချရသည်။ နယ်ခြားစောင့်တပ် တပ်ရင်းအမှတ် (၁၀၁၄)မှ ခိုင်းစေသော အတင်းအဓမ္မလုပ်အားပေးမှုအတွက် ရွာသူရွာသားများသည် တစ်အိမ်တက်တစ်အိမ်ဆင်း ပိုက်ဆံများကိုလိုက်လံကောက်ခံရသည်။

ပုဖွန်မြောင်းကျေးရွာအုပ်စု၊ ဘူးသိုမြို့နယ်၊ က---ရွာနှင့်အ---ရွာများသည် တစ်ရွာလျှင် တစ်ဦးပေါ်တာထမ်းရန် ပို့ဆောင်ရမည်ဟု အမိန့်ပေးခြင်းခံခဲ့ရသည်။ ရွာသူရွာသားများသည် ပေါ်တာထမ်းဆောင်ခြင်းကို ရှောင်ရှားရန် အတွက် (၁၈၀၀၀၀) ကျပ်ကို နယ်ခြားစောင့်တပ်ထံပေးအပ်ခဲ့သည်။ အလားတူ နယ်ခြားစောင့်တပ်သည် ဇ---ရွာ နှင့်အ---ရွာများကို တစ်ရွာလျှင်နှစ်ဦး ပေါ်တာထမ်းဆောင်ရန်အမိန့်ပေးခဲ့သည်။ ရွာသူရွာသားများမှာနယ်ခြားစောင့် တပ် တပ်သားများနှင့်ပေါ်တာထမ်းရန် သွားချင်စိတ်မရှိသောကြောင့် ပိုက်ဆံ (၁၈၀၀၀၀) ကျပ်ကိုပေးဆောင်ခဲ့သည်။

များသောအားဖြင့် ရွာသူရွာသားများသည် ပေါ်တာထမ်းရန် နယ်ခြားစောင့်တပ်ကို ငြင်းဆိုခဲ့သည့်အကြောင်းရင်းမှာ ရှေ့တန်းတွင် ရင်ဆိုင်ရမည့်အန္တရာယ်များကြောင့်ဖြစ်သည်။ ငွေရေးကြေးရေးပြဿနာများနှင့် ရင်ဆိုင်ရသော်လည်း နယ်ခြားစောင်တပ်မှတောင်းခံခဲ့သော ပိုက်ဆံအရေအတွက်ကို ပေးဆောင်ရန်ကြိုးစားခဲ့ကြသည်။ NCA ပစ်ခတ် ရပ်စဲရေးစာချုပ်တွင် ကျေးကျွန်နှင့် အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုများကို ဆန့်ကျင်သော်လည်း အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုများသည် မြန်မာပြည်၏ အရှေ့တောင်ဒေသများတွင် ဖြစ်ပေါ်နေဆဲဖြစ်သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းစီစစ်ချက်အရ နယ်ခြားစောင့်တပ်၊ တပ်မတော်နှင့် DKBA တပ်ခွဲများသည် ပစ်ခတ်ရပ်စဲရေး ကာလတွင် ပေါ်တာထမ်းဆောင်မှုများကို ထမ်းဆောင်စေခဲ့သည်။

မြန်မာပြည်အရှေ့တောင်ဒေသများရှိ ပြည်သူလူထုများသည် NCA စာချုပ်သည် အကြမ်းဖက်မှုများကို သာရပ်တန့်စေရန်မဟုတ်၊ ပြည်သူလူထုများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကိုပါ ရပ်တန့်စေရန်မျှော်လင့်လျက် ရှိကြသည်။



ဤဓာတ်ပုံကို ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက် နေ့တွင် လ---ရွာ၊ ပုဖွန်တောင်ကျေးရွာအုပ်စု၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်တွင်ရိုက်ယူခဲ့သည်။ ဤပုံ သည် လ---ရွာသား စောစ---မှနယ် ခြားစောင့်တပ် တပ်ရင်းအမှတ် (၁၀၁၄)၏ အတင်းအဓမ္မလုပ်အား ပေးခိုင်းစေမှုကို ၂၀၁၇ခုနှစ်၊ အောက်တိုဘာလတွင် ဆွေးနွေးခဲ့ကြသည်။ *(ဓာတ်ပုံ - KHRG)*

## <u>အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း</u>

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား၊ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| --- |
| လ---ရွာသား စောစ---မှဤအကြောင်းအရာကို ဖြန့်ဝေရန်အခွင့်ပေးခဲ့သည်။ |